# ဒီပဲယင်းဆရာတော်ကြီး ၏ ဆုတောင်းမေတ္တာဆယ်ပါး

မဂ္ဂဇင်း (၁၀)နှစ်ပြည့်အထူးထုတ်

**မောင်လွမ်းနွယ်(အောင်လံ)**

**ဆင့်ပွားပူဇော်ပါသည်။**

စာရေးသူသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် စာရေးဆရာ (၁၀၉၉) အဖြစ် ရပ်တည်နေသူ တစ်ဦး ဖြစ်ပါသည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုယ်စားပြု 'နိုင်ငံ့ဂုဏ်ရည်' မဂ္ဂဇင်းကို ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူကြီးကြပ်လျက် ထုတ်ဝေခဲ့သည်မှာ (၄) နှစ်ကျော်၊ (၅) နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်ပါသည်။ စာရေးသူသည် စာပေနှင့်စာနယ်ဇင်း စာရေးဆရာအဖွဲ့ဝင်တစ်ဦးပီပီ 'နိုင်ငံ့ဂုဏ်ရည်' မဂ္ဂဇင်းတွင် ကဗျာ(အရှည်/အတို)၊ ကလေးကဗျာ စသည်ဖြင့် လိုင်းစုံအောင် ရေးခဲ့ဖြစ်ပါသည်။ ဤသို့ရေးခဲ့ခြင်း၏ အကျိုးရလဒ်အဖြစ် စတုတ္ထအကြိမ် နှစ်ပတ်လည်(နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၏ပွဲ)ကို (၂၃. ၅. ၂၀၀၃) ရက်နေ့က တက်ရောက်ခွင့်ရခဲ့ပါသည်။ ယင်းသည်ပင်လျှင် ယခုစာရေးသူရေးသားမည့် ဆောင်းပါး၏ အခြေခံဖြစ်ပါလိမ့်မည်။

ယင်းပွဲသို့ စာရေးသူ တက်ရောက်ခွင့်မရနိုင်ခဲ့ပါမူ ယခုရေးသားတင်ပြမည့်ဆောင်းပါး ပေါ်ပေါက်လာရန် အကြောင်းမရှိပါ။ ယခုတော့ တက်ရောက်ခွင့်ရခဲ့သည်။ တက်ရောက်ခဲ့သည်။ ထိုအခါ စာရေးသူအတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးကို ခံစားရရှိခဲ့လေပြီ။ ရှင်းပါမည်. .။ ယင်းနေ့အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ခဲ့သလို ဒုတိယဝန်ကြီး (၄) ဦးအပါအဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စာပေဗိမာန်စာတည်းမှူးချုပ်အပါအဝင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာများ၊ ကဗျာဆရာများစုံညီစွာ တက်ရောက်ခဲ့ကြပါသည်။ အလွန်ကျေနပ်အားရဖွယ်ကောင်းပါ၏။ ပီတိဖြစ်ဖွယ်ရှိပါ၏။

ထပ်၍ ဆိုပါဦးမည်။ ယင်းနေ့အခမ်းအနားသို့ ငွေတာရီ၊ မြဝတီမဂ္ဂဇင်းများနှင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းများလည်း လက်ဆောင်အဖြစ်ပေးသည်။ နံနက်စာကိုလည်း ထည်ထည်ဝါဝါ ပြည့်ပြည့်စုံစုံ ကျွေးမွေးဧည့်ခံသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကာလပေါ်တူရိယာအဖွဲ့နှင့် တွဲဖက်၍ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ပါဝင်ရေးခဲ့ကြသော ကဗျာဆရာ၊ စာရေးဆရာများ၏ မြန်မာမှုတေးဂီတဖြေဖျော်မှုအစီအစဉ်ပင် ပါလိုက်သေးသည်။

အဟောတဝ. . ကောင်းလေစွ။ ကဗျာဆရာ၊ စာရေးဆရာ (၁၀) ဦးခန့် မြန်မာမှုဂီတသံစဉ်များ သီဆိုခဲ့ကြသည်။ လူကြီးများအားလုံးကလည်း ကျေနပ်ကြသည်။ ပီတိဖြစ်ကြသည်။ ကရုဏာတရား ရှေ့ထားခဲ့ကြသည်။ အထူးသဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏ 'ဓမ္မလက်ဆောင်'ပင် ဖြစ်ပါချေ၏။

ဒီပဲယင်းဆရာတော်ကြီး၏ ဆုတောင်းမေတ္တာဆယ်ပါးကို ဝန်ကြီး၏ မေတ္တာလက်ဆောင်အဖြစ် ချီးမြှင့်ဝေငှခဲ့ခြင်းပင် ဖြစ်ပါလေ၏။

အများပြည်သူ ပွားများနိုင်ကြစေရန်၊ မုဒိတာထားနိုင်ကြစေရန် ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ဆုတောင်းမေတ္တာဆယ်ပါးကို ဖော်ပြပေးလိုက်ပါသည်။ လိုအပ်သလို အကျိုးရှိစွာ သုံးစွဲနိုင်ကြပါစေသတည်း။

*ပရေသံ ဟိတမိစ္ဆေယျ၊*
*ဟိတံ မေ ဣစ္ဆိတံ ပရော။*
*နာညဿ ဒုက္ခမိစ္ဆေယျ၊*
*မာ မေ ဒုက္ခံ ဣစ္ဆိတံ ပရော။*

၁။ အဟံ-ငါသည်၊ ပရေသံ-သူတစ်ပါးတို့၏၊ ဟိတံ-အကျိုးစီးပွားကို၊ ဣစ္ဆေယျံ-လိုလားနှစ်သက် ဆောင်ရွက်နိုင်ရပါလို၏။

၂။ ပရောစ-သူတစ်ပါးကလည်း၊ မေ-ငါ၏၊ ဟိတံ-အကျိုးစီးပွားကို၊ ဣစ္ဆိတံ ဣစ္ဆိတု-လိုလားနှစ်သက် ဆောင်ရွက်နိုင်ကြပါစေသတည်း။

၃။ အဟံ-ငါသည်၊ အညဿ-အခြားတစ်ယောက်သောပုဂ္ဂိုလ်၏၊ ဒုက္ခံ-ကိုယ်စိတ်နှစ်ဖြာဆင်းရဲပင်ပန်းခြင်းကို၊ မာဣစ္ဆေယျံ-မလိုလား မနှစ်သက် မဆောင်ရွက်ပါရစေနှင့်။

၄။ ပရောစ-သူတစ်ပါးကလည်း၊ မေ-ငါ၏၊ ဒုက္ခံ-ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းကို၊ မာဣစ္ဆိတံမာဣစ္ဆိတု-မလိုလား မနှစ်သက် မဆောင်ရွက်နိုင်ပါစေသတည်း။

*နဟိံသေယျံ ပရံ ပါဏံ၊*
*မာ မံ ဝိဟေသတံ ပရော။*
*န စ ဘဝေ အဟံ ဝေရီ*
*မာဝေရီ ဟောတု မေ ပရော။*

၅။ အဟံ-ငါသည်၊ ပရံ-တစ်ပါးသော၊ ပါဏံ-သတ္တဝါကို၊ နဟိံသေယျံ-မညှင်းဆဲ မနှိပ်စက်ပါရစေလင့်။

၆။ ပရောစ-သူတစ်ပါးကလည်း၊ မံ-ငါ့ကို၊ မာဝိဟေသတံ မာဝိဟေသတု-မညှင်းဆဲ မနှိပ်စက်နိုင်ပါစေသတည်း။

၇။ အဟံ-ငါသည်၊ ပရေသံ-သူတစ်ပါးတို့၏၊ ဝေရီ-ရန်သူသည်၊ နဘဝေ-မဖြစ်ရပါစေလင့်။

၈။ ပရောစ-သူတစ်ပါးကလည်း၊ မေ-ငါ၏၊ ဝေရီ-ရန်သူသည်၊ မာဟောတု-ဘယ်လိုနည်းနှင့်မျှ မဖြစ်ပါစေသတည်း။

*ကုမ္မဂ္ဂဉ္စ ဝိဝေဇ္ဇေတွာ၊*
*သုမဂ္ဂံ ယန္တု ပါဏိနော။*
*ဝင်္ကဉ္စာဟံ ဝိဝေဇ္ဇေတွာ၊*
*ဥဇုံ သုမဂ္ဂကော ဘဝေ။*

၉။ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ပေသော၊ ပါဏိနော-ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့သည်၊ ကုမ္မဂ္ဂံ- နိဗ္ဗာန်ကိုမရောက်နိုင်သော အပါယ်သွားကြောင်း မကောင်းသော လမ်းကောက် လမ်းယုတ် လမ်းညစ် လမ်းဆိုးကြီးကို၊ ဝိဝေဇ္ဇေတွာ-ရှောင်ရှားဖယ်ကြဉ်၍၊ သုမဂ္ဂံ- နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို၊ ယန္တု-ကောင်းစွာမသွေ လိုက်သွားနိုင်ကြပါစေကုန်သတည်း။

၁၀။ အဟံပိ-ငါသည်လည်း၊ ဝင်္က-နိဗ္ဗာန်ကို မရောက်နိုင်သော လမ်းကောက် လမ်းညစ် လမ်းဆိုးကြီးကို၊ ဝိဝေဇ္ဇေတွာ-ရှောင်ရှားဖယ်ကြဉ်၍၊ ဥဇုံ-ဖြောင့်ဖြောင့်မတ်မတ်၊ သုမဂ္ဂကော-နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်း ဟူသော မဂ္ဂင်ရှစ်တန် ခရီးမှန်ကို ကောင်းစွာလိုက်သွားနိုင်သောပုဂ္ဂိုလ်သည်၊ ဘဝေ ဘဝေယျံ-ကောင်းစွာဖြစ်ရပါစေသတည်း။

*မေတ္တာနိသာကရော လောကေ၊*
*သမ္မာ ဘာတု သုခံကရော။*
*မေတ္တာသီတလရံသီဟိ၊*
*သုခန္တု ဖုသိတာ ပဇာ။*

လောကေ-သတ္တဝါအလီလီ ခိုမှီပေါလတ် လောကဓာတ်ကမ္ဘာအတွင်း၌၊ မေတ္တာနိသာကရော-မေတ္တာအေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီးသည်၊ သမ္မာ-သတ္တဝါတစ်တွေ အေးမြစေဖို့ အသရေရွှန်းကာ ကောင်းမွန်စွာ၊ သုခံကရော-သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်းလန်းလာယခု ချမ်းသာကိုပြုလျက်၊ ဘာတု-ရန်လည်းကင်းဝေး၊ ဘေးလည်းမဲ့ခ အအေးရဖို့ ရွှန်းမြအသရေထွန်းပပါစေသတည်း။

မေတ္တာသီတလရံသီဟိ-မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့် (ဝါ) မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်၊ ဖုသိတာ-အဖုံဖုံလွှမ်း ထုံမွှမ်းမလပ် ထိတွေ့အပ်ကုန်သော၊ ပဇာ-ကမ္ဘာ့ခေတ်ဗွေ အပြည်ပြည်၌ တည်နေများစွာ သတ္တဝါတို့သည်၊ သုခန္တု-ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာတော်မူကြပါစေကုန်သတည်း။

### သီတဂူဆုတောင်း

*ဤသို့ပြုရ၊ မြတ်ပုညကြောင့်*
*ဘဝထိုထို၊ နောက်အဟိုဝယ်*
*ငါ့ကိုယ်ကြောင့်သာ၊ သူတို့မှာလျှင်*
*နှစ်ဖြာကိုယ်စိတ်၊ တစ်စိတ်စိတ်မျှ*
*ဆင်းရဲဒုက္ခ၊ မဖြစ်ကြပါစေနှင့်။*

*ငါတို့ဖြစ်ရ၊ ဤလောကဝယ်*
*ဘဝသမိုင်း၊ မရှိုင်းစေရန်*
*စိတ်မာန်မချ၊ မာနမပါ*
*တို့စွမ်းရာဖြင့်၊ တို့သာသနာ*
*တို့ပြည်ရွာကို၊ သာယာစေမှု*
*လှုံ့လပြုအံ့. . ။*

လုပ်သင့်လုပ်ထိုက်သောအချိန်တွင် လုပ်ရမည့်ကိစ္စများ များပြားလှစွာအထဲမှ ယခု စာရေးသူထပ်ဆင့်တင်ပြသည့် အကြောင်းအရာကို မုဒိတာပွားရင်နှင့် ရင်ချင်း ရှင်သန်ဖွံ့ဖြိုးပါစေသတည်းဟု ဆုတောင်းမေတ္တာပို့လိုက်ရပါသည် အရှင်မြတ်ဘုရား။

သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ

မောင်လွမ်းနွယ်(အောင်လံ)